**ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနကူသိုလ်ရှင်များ**

(၁) ကိုမြတ်သူ

(၂) ဒေါ်ဥမ္မာအောင်

(၃) ဒေါ်သင်းအိဝေ

(၄) ဒေါ်မီမီထွန်း

(၅) ဒေါ်တိုးတိုးခိုင်

(၆) Dr ထားထားစံ

(၇) Dr ရဲပိုင်ကြည်

(၈) ကိုအောင်နိုင်လင်း

(၉) ကိုအောင်နိုင်လင်း

(၁၀) မဇင်ရူပါမင်း

# လှုပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း

**ရုံး** - အမှတ်(၂၂၈)၊ ၃၂လမ်း၊ ၈၃-၈၄လမ်းကြား၊ မန္တလေးမြို့၊
**သင်တန်းနေရာ**-(၁) မဟာသန္တိသုခဓမ္မာရုံ၊ (၆၉)လမ်း၊ မဟာဗောဓိ
ဘုရားဝင်းအတွင်း၊မဟာအောင်မြေမြို့နယ်။
(၂) ဒေါ်အေးစိန်ဓမ္မာရုံ၊ ၇၂ ×၂၇လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်၊
ဖုန်း-၀၉-၂၅၀၀၉၄၃၉၄၊ ၀၉-၉၁၀၀၄၁၃၈

**ဗုဒ္ဓစာပေပို့ချခြင်း(၈)နှစ်မြောက် အထိမ်းအမှတ်**

**နှင့်**

**ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းဖွင့်လှစ်ထူထောင်ခြင်း**

**(၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ်**

**ထုတ်ဝေပါသည်**

# ကျေးဇူးတင်ရှိခြင်း

ဤစာစောင်အတွက် ဓမ္မဒါန အလှူငွေများထည့်ဝင်ကြသော ကုသိုလ်ရှင်များအားလုံးအား အထူးကျေးဇူး တင်ရှိပါသည်။

**လူပုဂ္ဂိုလ်များဆိုင်ရာ**

**ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဓမ္မဒီပ - တို့ဆန္ဒ | ၁ |
| | ဓမ္မလုပ်သား ဖိုးသာထူး | |
| ၂။ | ပညာပါရမီ | ၂ |
| | ဒေါ်နန်းအေးအေးသန့်(ဓမ္မဒီပသင်တန်းသူ) | |
| ၃။ | ပြောလိုက်ရမှာအားနာသည် | ၄ |
| | မခင်ဆန်းဆန်းအေး (ဓမ္မဒီပသင်တန်းသူ) | |
| ၄။ | ဘယ်လိုရှင်းပြရမလဲ | ၉ |
| | ဒေါ်ရွှေဖြိုးသွယ် (ဓမ္မဒီပသင်တန်းသူ) | |
| ၅။ | ခန္ဓာနဲ့ဆပ်ကြမလား, ဉာဏ်နဲ့ဆပ်ကြမလား | ၁၅ |
| | ဒေါက်တာဒေါ်ချိုချိုမာ (ဓမ္မဒီပ) | |
| ၆။ | ပုဂ္ဂိုလ်လေးမျိုး | ၁၈ |
| | ဒေါက်တာခင်မောင်ကြည်(ဓမ္မဒီပ) | |

ကျောက်ဆောင်လို မယိမ်းမယိုင်ဘဲ ကြံ့ကြံ့ခံနိုင်တဲ့၊ မူလပုံစံပြောင်းမသွားအောင် ထိန်းထားနိုင်တဲ့ စွမ်းရည် (ဉာဏ်)ကို ခန္တီလို့ ဆိုထားပါတယ်။ အဲဒီ ခန္တီ(ဉာဏ်)ကိုလဲ ပညာပါရမီအိုးထဲ ဖြည့်ရင်း ဝိသုဒ္ဓိမဂ်ပညာအရာ ကျယ်ပြောတဲ့ တရားတွေအထိ လေ့လာသင်ယူသွားဖို့ တိုက်တွန်း ပါတယ်။

ကျွန်မတို့ရဲ့ ဓမ္မမိတ်ဆွေအပေါင်း မြတ်စွာဘုရားရှင်ဟောပြထားတဲ့ ဝိသုဒ္ဓိအထူး စင်ကြယ်ပြီး၊ ဝိမုတ္တိလွတ်မြောက်နိုင်မဲ့ ပညာပါရမီတွေ ဖြည့်ဆည်းနိုင်ကြပါစေလို့ . . . . .

ဆန္ဒပြုရင်း . . . . . . .

**ဒေါ်နန်းအေးအေးသန့်**

**ဓမ္မဒီပ**

**၁၁–၁၀–၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

## ပြောလိုက်ရမှာ အားနာသည်

'ကိစ္စများမြောင် လူတို့ဘောင်' ဟူသောဆိုရိုးစကားအတိုင်း လူ့ဘောင် လူ့လောက လူ့ပတ်ဝန်းကျင်၌ နေထိုင်ကြရသည့် 'မနုဿတ္တ ဘာဝေါ ဒုလ္လဘော' လူ့အဖြစ်သည်ရခဲ၏၊ ဆိုသောကြောင့် လူ့ဘဝရခိုက်၌ ထိုများပြားလှစွာသော ကိစ္စများ ထဲတွင် မိမိဘဝအတွက် အရေးပါ၍ အကျိုးရှိမည့်ကိစ္စလည်း အဓိကပါဝင်ရမည် ဖြစ်သည်။



# " ဓမ္မဒီပ – တို့ဆန္ဒ "

**တို့စေတနာ – ဖြူစင်စွာဖြင့်**
**ကြည်လင်သဒ္ဓါ – ရင်မှာထားကာ**
**ဝါသနာသန် – နစ်နာခံလျက်၊**
**အမှန်မြတ်နိုး – ကိုယ်ကျိုးမဖက်**
**သာသနာတွက်မို့ – ရွက်ဆောင်သည်းခံ**
**ဝေဖန်ကြံပြု – တိုင်ပင်မှုခေါ်၊**
**ရွှင်ပျော်ကြည်နူး – ကုသိုလ်ထူးမို့**
**ပေါင်းစုညီညာ – အောင်စေခြင်းငှာ**
**တို့များလက်တွဲ – လမ်းမခွဲဘဲ၊**
**ကိုယ်စီဆန္ဒ – ဓမ္မဒီပ**
**ဓမ္မဒီပ – တို့ဆန္ဒ ။**

Dhamma - School မှ ဓမ္မပန်းများပွင့်လန်းစေမည့် ပန်းပျိုးလက် ပိုင်ရှင် "ဥယျာဉ်မှူး" ဆရာ/ဆရာမများသို့ လေးစားဂုဏ်ပြုလျက်

**ဓမ္မဒီပ – သင်တန်းသား**
**ဓမ္မလုပ်သား**
**ဖိုးသာထူး**

# “ ပညာပါရမီ ”

ကျွန်မတို့ အဘိဓမ္မာတရားတော်ကို မလေ့လာခင်အထိ ပညာပါရမီအရာကို သိသော ပုံစံမှာ စာအုပ်လှူဒါန်းခြင်း၊ ပညာအတွက် ငွေလှူဒါန်းခြင်း၊ ကျောင်းစာအုပ်၊ လွယ်အိတ်၊ လောကီစာပေတွေ ဒါနပြုပေးခြင်းလောက်သာ သိခဲ့ရပါတယ်။

ကျွန်မ အဘိဓမ္မာ(ရိုးရိုး) တက်ပြီးသွားတဲ့အချိန်မှာတော့ ပညာကို ပညာ၊ ဉာဏ် ၊ အမောဟ၊ ဝီမံသဆိုတဲ့ အမည်ခွဲတွေရယ် လောကီပညာ - လောကုတ္တရာ မဂ်ဖိုလ် ပညာတွေအားလုံးကို ခွဲခြားလေ့လာနိုင်ခဲ့ပါတယ်။

အဘိဓမ္မာ(ရိုးရိုး)တန်းပြီးသွားတော့ ဋီကာတန်းမှာလဲ အဘိဓမ္မာတန်းမှာ သင်ခဲ့ရတဲ့ ရုပ်၊ နာမ်အကြောင်းကို ထပ်ချဲ့ပြီး သင်ရတော့ တကယ်အရသာထူးကို ခံစားခွင့် ထပ်ရရှိပြန်ပါတယ်။

အဲဒီ အဘိဓမ္မာ(ရိုးရိုး)နဲ့ ဋီကာတန်းတွေမှာ ဖြေဆိုအောင်မြင်ခဲ့ပေမဲ့ ဉာဏ်အဆင့်ထိ မရောက်ခဲ့ပါဘူး။ လေ့လာကျက်မှတ်ပြီး ဖြေဆိုတဲ့အဆင့်ဘဲရှိပါသေးတယ်။

ဆရာမကြီးပြောပြောနေတဲ့ ဝိသုဒ္ဓိမဂ်အတန်းရောက်ရင် တရားအရသာခံစားရတာ သိပ်ပြီးအရသာရှိတယ် ဆိုတာတွေဟာ တကယ်ဟုတ်ပါလားဆိုတာရယ်. . ပြီးတော့ ပညာပါရမီဖြည့်ချင်ရင် စာပြန်သင်နိုင်အောင် ကြိုးစားပါဆိုတဲ့စကားတွေဟာ တကယ် လက်တွေ့ခံစားခဲ့ရပါပြီ။

ကျွန်မတို့ ဓမ္မမိတ်ဆွေတွေကို ပြောချင်တာတစ်ခုက- ပညာပါရမီ(ဉာဏ်ပါရမီ)ဖြည့် ချင်တယ်ဆိုရင် အခုလေ့လာနေတဲ့ တရားတော်တွေကို ရပ်မပစ်ပါနဲ့။ ကျမတို့ရဲ့ ကျေးဇူးရှင် မြတ်စွာဘုရားဟာ သိသင့်တဲ့ ရုပ်နာမ်တရားတွေကို ဝိသုဒ္ဓိမဂ်မှာ အပြည့်အစုံဟောပြ ထားတယ်ဆိုတာတွေရယ်. . ပညာပါရမီအတွက် ကိုယ်သိသလို ပြန်ပို့ချနိုင်အောင်အထိ ကြိုးစားဖို့ တိုက်တွန်းချင်ပါတယ်။



ကျွန်မတို့ရဲ့ ဆရာကြီးနဲ့ဆရာမကြီး နှစ်ယောက်ဟာ ဝိသုဒ္ဓိမဂ်ဆိုတဲ့ စာမေးပွဲတွေလဲ ထူးချွန်စွာ ဖြေဆိုအောင်မြင်ပြီးပြီ။ လျှောက်ရမဲ့ လမ်းမှန်ကိုလဲ ရွေးချယ်ပြီးသွားပေမဲ့ နီးစပ်ရာ လက်လှမ်းမီသမျှ ဓမ္မမိတ်ဆွေတွေရဲ့ အကျိုးများဖို့အတွက် အသိနဲ့အကျင့်တွေကို ပို့ချနေတာဟာလဲ ဉာဏ်ပါရမီတွေ ဖြည့်နေတယ်ဆိုတာ နားလည်ခဲ့ရပါတယ်။

ကျွန်မတို့သင်တန်းသူတွေအတွက်တော့ ဘုရားအကြိမ်ကြိမ် မှာကြားတော်မူခဲ့တဲ့ “ဆရာကောင်းရှာပါ”ဆိုတဲ့ စကားတော်နဲ့ ပြည့်စုံခဲ့ရပါတယ်။

ကျွန်မတို့ ဓမ္မဒီပ သင်တန်းသူ/သားများဟာ လမ်းမှန်ကို သင်ကြားပြသပေးနိုင်တဲ့ ဆရာကောင်းနဲ့တွေ့နေရပါပြီ။ ပညာပါရမီ(ဉာဏ်)ကို ဖြည့်နိုင်ဖို့အတွက်လဲ ဆရာကြီး၊ ဆရာမကြီးတို့ရဲ့ ဆွဲတင်ပေးခြင်းလဲ ရှိနေပါပြီ။ အဲဒီလို ပညာပါရမီဖြစ်အောင် ကြိုးစား သွားရင်း ဝိမုတ္တိဆိုတဲ့ လွတ်မြောက်မှုရဖို့ ဝိသုဒ္ဓိမဂ် အထူးစင်ကြယ်စေတဲ့ ဝိသုဒ္ဓိမဂ် စာကို လေ့လာဆည်းပူးတဲ့အထိ ကြိုးစားသင်ယူသွားစေချင်ပါတယ်။ အဲ့ဒါမှ ရုပ်နာမ် သဘောအမှန်ကို သေချာစွာ လေ့လာပြီးတဲ့ သုတမယဉာဏ်အဆင့်ရောက်ရှိမှာ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ကျေးဇူးရှင် မြတ်စွာဘုရားဟာ ဝိပဿနာအားထုတ်ဖို့ဆိုတာလဲ အကြိမ်ကြိမ် မှာတော်မူခဲ့ပါတယ်။ အဲဒီဝိပဿနာအားထုတ်ဖို့အတွက် ရုပ်နာမ်ခွဲခြားတဲ့ ပညာဉာဏ် အဆင့်ဆင့်တွေကိုလဲ ဝိသုဒ္ဓိမဂ်အဆင့်မှာ ဖော်ပြထားပါတယ်။ ကျင့်ကြံ အားထုတ်ဖို့ ရုပ်နာမ် သဘောအမှန်ကို အထူးစင်ကြယ်သွားပြီဆိုရင် ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ရလာမှာဖြစ်ပါတယ်။ အဲဒီဉာဏ်လောက် ရခဲ့မယ်ဆိုရင် ဒီဘဝရဲ့ပညာပါရမီဆိုတဲ့အိုးထဲ ဝင်သွားမှာ သေချာပါတယ်။

အဲဒါအပြင် “ပါမောက္ခချုပ်ဆရာတော်ကြီးဟောပြတဲ့ ခန္တီဆိုတဲ့ တရားရဲ့သဘော မိမိမကြိုက်တဲ့ အာရုံ၊ အပြုအမူ၊ အပြောအဆို၊ လောကဓံတွေနဲ့ တွေ့ကြုံခိုက်မှာ

တတိယကလေးသည် ခွက်ကို(၄၅)ဒီဂရီစောင်း၍ခံယူသည်။ ဒုတိယကလေးထက်ရေကို အနည်းငယ်ပို ရသော်လည်းအပြည့်အဝတော့ မရပါ။ နောက်ဆုံး စတုတ္ထကလေးသည် ခွက်ကို (၉၀) ဒီဂရီတည့်တည့်မတ်မတ်ထားပြီး စနစ်တကျခံယူလိုက်သောကြောင့် ဆရာမလောင်းချလိုက်သော ရေအားလုံးကိုရရှိ သွားပါသည်။

ထိုသင်ခန်းစာနှင့်နည်းတူ ယခု ဆရာကြီး၊ ဆရာမကြီးတို့၏ ဓမ္မမိုးများရွာချနေစဉ် ခွက်ကိုမှောက်ပြီး ခံယူသောကလေးနှင့်တူသောမိတ်ဆွေ (သင်တန်းကြီးကိုမတက်ဖြစ်ကြ သေးသောမိတ်ဆွေ) များရှိသကဲ့သို့ ခွက်ကို (၃၀) ဒီဂရီ၊ (၄၅) ဒီဂရီစောင်းပြီးခံယူသော ကလေးများနှင့်တူသည့် ဓမ္မမိတ်ဆွေ (ကျွန်ုပ်အပါအဝင် တစ်ခါတစ်ရံ ပျက်ကွက်မှုများနှင့် ယခုသင်တန်းတက်နေဆဲ ဓမ္မမိတ်ဆွေ) များလည်းရှိနေပါသည်။ အဓိက သတိပြုရ မည်မှာ မိမိခံယူနေသောခွက်စောင်းနေသည်ကို လောင်းချပေးနေစဉ်အတွင်း စောင်းနေမှန်းသိလျက် တည့်မတ်စွာ ခံယူရန်သာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ သန္တာန်၌ ဓမ္မနှင့်စပ်သော အသိတရားများ ပြည့်လျှံသွားအောင် ခွက်ကြီးကြီး ဝီရိယရှိရှိနှင့် တည့်တည့်မတ်မတ် စနစ်တကျ မအားလပ်သည့်ကြားက ခံယူကြပါမည်။

အဘိဓမ္မာသင်တန်းကြီးကို တက်ချင်ပါလျက် 'မအားသေးလို့ပါ' ဟူ၍ မတက်ဖြစ်ကြသေးသော မိတ်ဆွေများနှင့် အဘိဓမ္မာသင်တန်းကြီးကို တက်ရောက် နေဆဲဖြစ်ပါလျက် 'မအားလို့ပါ' ဟု သင်တန်းပျက်ကွက်နေကြသည့် ကျွန်ုပ်အပါအဝင် ဓမ္မမိတ်ဆွေများအတွက် ဤစာစဉ်လေးကိုရေးမိခြင်းဖြစ်ပါသည်။

ဓမ္မအမွေကို ပေးသူနှင့်ခံယူသူ 'သဒ္ဓါ'တရားချင်း ညီမျှအောင် နှိုင်းချိန်တတ်ရန် ဂရုပြုစေချင်ပါသည်။ "ဆုံနေရက်နှင့် လွမ်းလေခြင်း"ဟူသကဲ့သို့ မြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာနှင့် ဆုံနေပါရက်နှင့် "ပေးကားပေး၏မရ"၊ "မယူလိုက်က မိုက်တယ်ထင်" အဖြစ်မျိုးနှင့် မကြုံရလေအောင် ကျွန်ုပ်တို့၏ ကံမျက်လုံး(သာမာန်မျက်လုံး)မှ ဓမ္မမျက်လုံး



လူတစ်ယောက်သည် ခရီးတစ်ခုကိုသွားမည်ဆိုလျှင် မည်သည့်နေရာ မည်သည့် မြို့သို့ ရောက်အောင်သွားမည်ဟု ဦးတည်ချက်ပန်းတိုင်ရှိရန် လိုအပ်သကဲ့သို့ ယခုကျွန်ုပ် တို့သည်လည်း သံသရာခရီးကို သွားနေကြသော်ကြောင့် ဦးတည်ချက်ပန်းတိုင် လိုအပ်ပါ သည်။ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်၏ ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်ပါသည်။ ရာထူးဌာနအန္တရတွေ တစ်ဆင့်ထက်တစ်ဆင့်တိုးတက်ရန်၊ စည်းစိမ်ဥစ္စာတွေ တစ်ဆင့်ထက်တစ်ဆင့်တိုးပွားရန်၊ အောင်မြင်ကျော်ကြားမှုတွေ တစ်ဆင့်ထက်တစ်ဆင့် အောင်မြင်ကျော်ကြားရန် စသည့် အတ္တနိယျအတွက် မဟုတ်ပါ။ ထိုအရာများသည် ဘဝ၏အစိတ်အပိုင်းများသာဖြစ်သည်။ ဘဝ၏ပန်းတိုင်များ မဟုတ်ပါ။ နိဗ္ဗာန်သည် သာလျှင် ဘဝ၏ ပန်းတိုင်အစစ်ဖြစ်သည်ဟု မှတ်သားဖူးပါသည်။ ကျွန်ုပ်တို့သည် ဘဝပန်းတိုင် အစစ်မဟုတ်သည့် ဘဝအစိတ်အပိုင်းများအတွက်သာ ကျွန်ုပ်တို့၏ အလွန်အဖိုးထိုက်တန်သော အချိန်များကိုဖြုန်းတီးနေမိကြပါသည်။ အဓိကပန်းတိုင်အစစ် အတွက်တော့ အကြောင်းပြချက်များစွာနှင့်အတူ 'မအားသေးလို့ပါ' ဟူ၍ အချိန် မပေးနိုင်ကြပါ။ မဖြစ်မနေမိမိဘဝအတွက် စား၊ ဝတ်၊ နေ ရေးစသည့် ဘဝအရေး ကိစ္စများ မအားမလပ်အောင် နေ့စဉ်ဆောင်ရွက်နေကြရသည်မှာ အမှန်ပင်ဖြစ်သည်။ မအားလပ်သည့်ကြားက မိမိ၏ သံသရာ အရေးကိုလည်း မျှော်တွေးကြည့်ကြရန် အလွန်အရေးကြီးလှပါသည်။

နွားမကြီးသည် မြက်ခင်းပြင်ကြီးတွင် မိမိ၏ ကလေး(နွားကလေး)များကို ကျွေးမွေးစောင့်ရှောက်ရင်း မိမိကိုယ်တိုင်လည်း မြက်များကို စားနေခြင်းကဲ့သို့ ကျွန်ုပ်တို့သည်လည်း လောကီကိစ္စများကိုဆောင်ရွက်ရင်း လောကုတ္တရာ ကိစ္စများ ကိုလည်း စွမ်းနိုင်သမျှ(အစွမ်းကုန်)ကြိုးစားဆောင်ရွက်သင့်ပါသည်။

ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်ရပ်၊ ကိုယ်တိုင်ခံစားချက်ကို ဓမ္မမိတ်ဆွေတို့အား

ရင်ဖွင့်ချင်ပါသည်။ ကျွန်ုပ်သည် ကိစ္စများမြောင် လူတို့ဘောင်မှ လူဖြစ်သည့်အတွက် တစ်ခါတစ်ရံ ကိစ္စအမျိုးမျိုးကြောင့် ဓမ္မဒီပသင်တန်းကြီးနှင့် (မဝေးကွာချင်ပါပဲ) ဝေးကွာခဲ့ရသည့်အခါများတွင် ကျွန်ုပ်တို့၏ကျေးဇူးကြီးလှ မိနှင့်ဖတို့က 'အဘယ်ကြောင့် သင်တန်းပျက်ကွက်ပါသနည်း' ဟုမေးလေ့ရှိပါသည်။ ထိုအခါများတွင် ကျွန်ုပ် မဖြေချင်ဆုံးသော အဖြေကို ဖြေရပါတော့မည်။ (အမှန်ပြောရလျှင် ထိုအဖြေကို လုံးဝမဖြေချင်ပါ။ ထို့ကြောင့် တစ်ခါတစ်ရံ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေမိပါသည်။) အဖြေမှာ- ကိစ္စများစွာကိုအကြောင်းပြနေရသော်လည်း နောက်ဆုံးတော့'မအားလို့ပါ' ဟူသည့် အဓိပ္ပါယ်သို့သာ ရောက်ရှိနေတတ်ပါသည်။ ထို 'မအားလို့ပါ' ဟူသည့် အဖြေကို ပြောလိုက်ရမှာ အလွန်အားနာမိပါသည်။ အကြောင်းမှာ ယခု ကျွန်ုပ်တို့၏ ကံမျက်လုံးအား ဓမ္မမျက်လုံးဖြစ်အောင်၊ အဝိဇ္ဇာမျက်လုံးကို ဝိဇ္ဇာမျက်လုံးသို့ရောက်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓ၏တရားတော်များကို စေတနာသန့်သန့်ဖြင့် သင်ကြားပို့ချပေးနေကြသော ဓမ္မဒီပ မိနှင့်ဖ အစရှိသောဆရာ၊ ဆရာမများသည်လည်း လူ့ဘောင်လောကမှ လူများဖြစ်၍ မအားသည့်ကြားက လာရောက်ပို့ချသင်ကြားပေး နေခြင်းကြောင့် ဖြစ်ပါသည်။

အချိန်သည်ငွေထက်တန်ဖိုးရှိ၏။ ငွေကိုအချိန်ဖြင့် ရှာနိုင်သော်လည်း အချိန်ကိုငွေဖြင့် ဝယ်ယူ၍မရပါ။ ထိုသို့အလွန်ပင်အဖိုးတန်သော အချိန်များကို ကျွန်ုပ်တို့ဓမ္မမိတ်ဆွေတို့အတွက် ခွဲဝေပေးပါသော ဆရာကြီး၊ ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၏ နက်ရှိုင်းလှသောကရုဏာ၊ မေတ္တာတရားများကိုလည်း တွေ့မြင်ရခြင်းကြောင့် ကျွန်ုပ်တို့၏လက်သုံးစကား 'မအားလို့ပါ' ဟုပြောလိုက်ရမှာ အားနာမိပါသည်။ ဓမ္မမိတ်ဆွေတို့လည်း ထိုအတိုင်းပင် ခံစားရလိမ့်မည်ဟု ထင်ပါသည်။

နောက်ထပ်အတွေးတစ်ခုဝင်လာခြင်းကြောင့် ကြောက်မိပြန်ပါသည်။



'ဝဋ်မှာအမြဲ ငရဲမှာအပ' ဟူသော ဆိုရိုးအတိုင်း ချက်ချင်းလက်ငင်း ဝဋ်လည် တတ်သည်မှာတော့ အမှန်ပင်ဖြစ်ပါသည်။ 'ဝဋ်လည်တတ်သည်' ဟူသောစကားကိုတော့ ကျွန်ုပ်ကိုယ်တိုင် မကြာခဏကြုံရခြင်းကြောင့် ကံနှင့်ကံ၏အကျိုးကိုယုံကြည်သူ ဖြစ်သောကြောင့် ၁၀၀ ရာခိုင်နှုန်းမှန်ကန်ကြောင်း ယုံကြည်မိသည်။ ထို့ကြောင့် ယခုလည်း ထိုဝဋ်အကြောင်းကို စဉ်းစားနေခြင်းဖြစ်သည်။ ကျွန်ုပ်အပါအဝင် ဓမ္မမိတ်ဆွေတို့သည် ယခုလို ဓမ္မစာပေများကို ဆရာ၊ ဆရာမများက ကရုဏာ၊ မေတ္တာ၊ စေတနာများစွာဖြင့် သင်ကြားပို့ချနေချိန်များတွင် 'မအားလို့ပါ' ဟုပျက်ကွက်ခဲ့ကြသည်။ ပျက်ကွက်နေကြပါသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် (ကျွန်ုပ်တို့၏ ဓမ္မအသိဉာဏ်များ မရင့်သန်သေးချိန်) ဆရာကြီး၊ ဆရာမကြီးတို့၏ ဓမ္မစာပေသင်ကြားမှုများသည် ပရိယတ္တိမှ ပဋိပတ္တိသို့ကူးပြောင်းသွားချိန် (ပဋိပတ္တိကို အချိန်ပေးနေရသည့်အတွက် အစရှိသည်ဖြင့်) 'မအားတော့လို့ပါ' ဟူသောအကြောင်းပြချက်နှင့်အတူ ရပ်စဲသွားမည်ကို အတွေးလေးနှင့်ပင် ကြောက်နေမိပါသည်။ (ဝဋ်လည်မှာကို ကြောက်နေမိသောကြောင့် 'မအားလို့ပါ' ဟု ပြောရမှာကို အားနာသလို ကြောက်လဲကြောက်မိပါသည်။)

ထို့ကြောင့်အကြောက်ပြေရန် သက်သာရာ သက်သာကြောင်းကိုရှာနေစဉ် ဓမ္မဒီပမှ ဦးစီးဖွင့်လှစ်သော (အထက်မြန်မာပြည်တွင် ပထမဆုံးဖွင့်လှစ်သော) ဓမ္မစကူးလ်၏ Child Centre Approach "CCA"ဟူသော သင်ကြားမှု စနစ်ထဲမှ သင်ခန်းစာတစ်ခုကို သတိရမိပါသည်။ သင်ခန်းစာမှာ ကျောင်းသား(၄)ဦးကို ခွက်တစ်လုံးစီပေးထားပြီး ဆရာမက ရေအပြည့်တစ်ခွက်စီ လောင်းချပေးနေသည်ကို ကလေးများအား ခွက်ဖြင့်ခံယူခိုင်းခြင်းဖြစ်ပါသည်။ ဤတွင် ပထမကလေးသည်ခွက်ကို ပက်လက်အတည့်မခံဘဲ မှောက်၍ ခံသောကြောင့် ရေလုံးဝမရပါ။ ဒုတိယကလေးသည် ခွက်ကို(၃၀)ဒီဂရီလောက်စောင်း၍ခံသည်။ ရေအနည်းငယ်သာ ရပါသည်။

ကျပါတယ်။ ကိုယ်ပြုတဲ့ကံ ကိုယ်ပဲရတာ သဘာဝပဲလေ။ ဒါဆိုရင် ဇီဝိတက ကိုယ်ပြုခဲ့တဲ့ ကံအလိုက် အသက်ရှင်တယ်။

ကဲဒါဆိုရင် ကံကပေးတဲ့ ဇီဝိတ (အသက်)ဟာ သစ်ပင်မှာရှိလား။ မရှိဘူး။ ဘာကြောင့်လဲ။ သစ်ပင်မှာပြုလုပ်တဲ့ ကံမရှိလို့။ ဆရာမက ကံပေးတဲ့ ရုပ်(၉)မျိုးပြောပြမယ်။ ပသာဒရုပ်(၅)ပါး၊ ဇီဝိတရုပ်(၁)ပါး၊ ဟဒယရုပ်(၁)ပါး၊ ဘာဝရုပ်(၂)ပါး ဆိုပြီး ကံကြောင့်ဖြစ်တဲ့ရုပ်(၉)ပါး။ ပသာဒဆိုတာ အကြည်ရုပ်၊ ဘာတွေလဲဆိုရင် မျက်စိအကြည်၊ နားအကြည်၊ လျှာအာကြည်၊ ကိုယ်အကြည်၊ ရုပ်တွေပဲ။ ဒါလည်း စဉ်းစားကြည့်လေ။ မျက်စိနဲ့ မြင်စရာအာရုံ မြင်တာတစ်ယောက်နဲ့ တစ်ယောက်မတူဘူး။ တချို့က အသက်(၈၀)ထိ မျက်စိကောင်းတုန်း။ တချို့က မူလတန်းအရွယ်ပဲရှိသေး ပါဝါမျက်မှန်ထူနဲ့။ အဲဒါဘာကြောင့်လဲ။ သူတို့ကံ မတူလို့ ။ အဲဒီပသာဒ (မျက်စိစသည်)တွေ သစ်ပင်မှာရှိလား။ မရှိဘူး။ ဟဒယရုပ်ဆိုတာ စိတ်၊ စေတသိက်တွေ ဖြစ်ရာ (မှီရာ) နှလုံးသွေးအကြည်ရုပ် သစ်ပင်မှာရှိလား။ မရှိဘူး။ ဒါဆိုရ် ဘာဝရုပ် (၂)ပါးပဲ ကျန်တော့တယ်။ သစ်ပင်မှာ အထီး၊ အမ ရှိလား။ ရှိတယ်။ ဘယ်လိုအပင်တွေကို အထီး၊ အမ ခွဲသလဲ။ အသီးသီးတဲ့အပင်က အမ၊ မသီးရင် အဖို။ ဒါဆိုရင် သရက်ပင်တွေက အချိန်တန်ရင် အသီးသီးတယ်။ သရက်ပင်တိုင်းက အမတွေချည်းပေါ့။ အဖိုမရှိ၊ အမြစ်၊ ပင်စည်၊ အကိုင်း၊ အရွက်၊ အပွင့်၊ အသီးဆိုတဲ့ အကျိုးတွေရတာ မဟုတ်လား။ အကြောင်းကပေါင်းစုံညီညွတ်ရသလို အကျိုးရလဒ်လည်း အများရတာပဲ ဒီလောက်ဆိုရင် စာဖတ်သူလည်း အတော်သင့်နားလည်မှာပါ။

ကဲ. . . ဘယ်လိုရှင်းရင် ကလေးနားလည်မလဲ။ ကျွန်မရှင်းပြတာကိုလည်း ဖတ်ကြည့်ရအောင်။ ဓမ္မစကူးလ် ကျောင်းသားအားလုံးကို မေးလိုက်ပါတယ်။

“သစ်ပင်ကသက်ရှိလား၊ သက်မဲ့လား။” မေးခွန်းနှစ်ခုမို့ အဖြေနှစ်ခုထွက်လာတယ်။ သူတို့ရဲ့ ကိုယ်ပိုင် အဖြေတွေကို မှားတယ်၊ မှန်တယ် မဆုံးဖြတ်ပေးပါဘူး။ သင်ပုန်းပေါ်ကို အလယ်က မျဉ်းတစ်ကြောင်း ဆွဲလိုက်ပါတယ်။ တစ်ဖက်ကလူ၊ တစ်ဖက်ကသစ်ပင် သက်ရှိဖြစ်တဲ့ လူသားရဲ့ သဘာဝတရားတွေနဲ့ စစ်ဆေးကြည့်မယ်ပေါ့။ လူသားက သက်ရှိဆိုတာ အားလုံးလက်ခံထားတော့ သဘာဝတရားချင်း တိုက်ဆိုင် စစ်ဆေးကြည့်လို့တူရင် သစ်ပင်က သက်ရှိပေါ့၊ မတူရင် သက်မဲ့ ဒါကို



(ဝိဇ္ဇာမျက်လုံး)ဖြစ်နိုင်ကြပါစေလို့ . . . .

ချစ်ခင်မြတ်နိုးအားကိုးထိုက်စွာ လူများစွာ. . .

အဘိဓမ္မာသင်တန်းသို့ တက်ရောက်နိုင်ကြပါစေ

အဘိဓမ္မသင်တန်းကို မပျက်မကွက်ဘဲ ဆက်လက်တက်နိုင်ကြပါစေ

အဘိဓမ္မာတရားတော်များကို ရှင်းလင်းပြတ်သားစွာ နားလည်နိုင်ကြပါစေ

အဘိဓမ္မာတရားတော်များကို ပြန်လည်ဖြန့်ဝေသာသနာပြုနိုင်ကြပါစေ

**ဓမ္မဒီပသင်တန်းသူ**
**မခင်ဆန်းဆန်းအေး**

✡ ✡ ✡ ✡ ✡ ✡ ✡

# ဘယ်လိုရှင်းပြရမလဲ

၂၀၁၃ခုနှစ်၊ ဇွန်လမှစ၍ သင်ကြားပေးခဲ့သော ဓမ္မစကူးလ် (Grade-3) ကျောင်းသား များအတွက် အမှတ်တရလည်း ဖြစ်စေချင်လို့ ရေးဖြစ်ခဲ့တာပါ။ ကလေးတွေကို ရှင်းပြပြီး ကတည်းက တချိန်ချိန်မှာ ရေးဖို့ စိတ်ကူးရှိနေတယ်။ မေလ (၂)ရက်နေ့မှာ ဆရာတော်ကြီးက ရုပ်ပိုင်းမှာ သစ်ပင်က သက်မဲ့ဖြစ်ကြောင်း ရှင်းပြပေးတော်မူလို့ ဒီဆွေးနွေးသင်ကြားမှုကို ဓမ္မစကူးလ်သင်တန်းဆင်းအမီ ရေးဖြစ်သွားတာပါ။

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒီပ ဗုဒ္ဓစာပေသင်တန်းသို့ သွားရောက်လေ့လာဖြစ်ပါတယ်။ သီတင်းတစ်ပတ်ရဲ့ စနေနေ့တစ်ရက်မှာ သင်တန်းသူတစ်ယောက်နဲ့ တွေ့လို့ “ဆရာမ အိမ်ကသားလေ . . . ကျွန်မကို သစ်ပင်က သက်ရှိလား၊ သက်မဲ့လားလို့

မေးတယ်၊ ကျွန်မလည်း ဆရာမတွေကို မေးပြီးမှ ပြောပြမယ်လို့ ဖြေထားတယ်”

“ဟုတ်လား သူက ဘယ်လိုမြင်လဲ ။”

“သူက Bio မှာ သက်ရှိလို့ သင်ရတော့ သက်ရှိထင်နေမှာ ”

“ဟုတ်ကဲ့ . . ကျွန်မ မနက်ဖြန်ကျရင် ဓမ္မစကူးလ်က ကလေးတွေကို ရှင်းပြလိုက်ပါ့မယ်”ဆိုပြီး စကားပြတ်သွားပါတယ်။

ကလေးက နဝမတန်း ကျောင်းသား။ သူနှင့်အတူ အားလုံးနားလည်အောင် ဘယ်လိုရှင်းပြရမလဲ။ ကလေးတိုင်က သဘာဝကျကျ စဉ်းစားဆုံးဖြတ်ပြီး လက်ခံတာကိုပဲ လိုချင်တယ်။ သဘာဝကျကျ ဆုံးဖြတ်တာကို လိုချင်ရင် သဘာဝကျကျ ရှင်းပြဖို့လိုတယ် ဆိုတာ အတွေးရောက်လာတယ်။ သဘာဝကျအောင် ဘယ်လိုရှင်းမလဲ။ သဘာဝ တရားတော်တွေကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရား၏ တရားတော်နဲ့ပဲ ရှင်းပြဖို့ ဆုံးဖြတ်လိုက်တယ်။

မြတ်စွာဘုရား၏ တရားတော်တိုင်းက အကြောင်းမဲ့ဝါဒမှ မဟုတ်တာ။ အကြောင်း တရားရှိလို့ အကျိုးတရားကိုရတာ။ သက်ရှိလောကမှာ သက်ရှိတွေကို ပုံစံအမျိုးမျိုးနဲ့ တွေ့နေကြရတာပဲ။ ဒီသတ္တဝါတွေ ဘာကြောင့်ဖြစ်လာကြသလဲ။ တစ်စုံတစ်ယောက်က ဖန်ဆင်းပေးလိုက်တယ်ဆိုရင် အကြောင်းမဲ့ ဝါဒပဲ။ အဲဒါဖန်ဆင်းရှင်ကို ယုံတဲ့သူက ကံကို မသိလို့။ သတ္တဝါမျိုးစုံ ဖြစ်နေကြတာက မတူညီတဲ့ ကံတွေပြုလုပ်လို့ပဲ။

လူတစ်ယောက်က တိုက်တွန်းနှိုးဆော်မှု (စေတနာ)ကြောင့် ပြုစီရင်မှု (သင်္ခါရ)ကို ပြုလုပ်လိုက်တယ်။ ပြုလုပ်ပြီးသွားရင် ကံမြောက်သွားပြီ။ အဲဒီကံက အကြောင်းတရားဖြစ်လို့ အချိန်တန် အကြောင်းညီညွတ်ရင် အကျိုးတရားတွေကို ထုတ်လုပ်ပေးမှာပါ။ ဥပမာ- ဘုရားစေတီ ရင်ပြင်တော်တော်ကို သန့်ရှင်းရေးလုပ်နေစဉ်က သင်္ခါရ (ပုညာဘိသင်္ခါရ)၊ ပြုပြီးရင်တော့ ကံမြောက်သွားပြီး အဲဒီကံက ကောင်းတာလုပ်တာဆိုတော့ ပဋိသန္ဓေအကျိုးပေးမယ်ဆိုရင် လူ၊ နတ် တစ်မျိုးမျိုး ဖြစ်မှာပဲ။ မိမိသူတစ်ပါးကို စိတ်ကြည်လင်စေဖို့ မိမိရုပ်လည်း ကြည်လင်မယ်၊ သန့်ရှင်းမယ်။ ဒါက ကောင်းမှု။ မကောင်းမှုဆိုရင်လည်း သူတစ်ပါးပစ္စည်းကို အလစ်သုတ်တာက နှိုးဆော်မှုစေတနာ၊ အလစ်သုတ်နေစဉ် သင်္ခါရ (အပုညာဘိသင်္ခါရ) ပစ္စည်းကိုယ့်လက်ထဲရောက်ရင် ကံမြောက်ပြီ။ သူလည်း မကောင်းကံကို ပြုတော့ မကောင်းကျိုးရမှာပဲ။ ပဋိသန္ဓေအကျိုး



ပေးမယ်ဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံမှ တစ်မျိုးမျိုးဖြစ်မှာပဲ။ သူတစ်ပါးကို စိတ်ဆင်းရဲစေလို့ ကိုယ်ကိုယ်တိုင်လည်း အလစ်သုတ်ပစ္စည်းနှင့်အတူ ပူပန်ရတယ်။ ဖမ်းမိရင်လည်း ထောင်ကျမယ်။ ကံ၊ ကံ၏အကျိုးတွေက ဆန်းကြယ်တယ်။ ဘာလို့ ဒီလိုကံအမျိုးမျိုးတွေကို ပြုနေကြရတာလဲဆိုရင် မှတ်ထားတဲ့ သညာက အမျိုးမျိုးဖြစ်နေလို့ပဲ။ ကောင်းမှု၊ မကောင်းမှုနဲ့ သူတို့ရဲ့ အကျိုးတွေကို နားလည်ထားသူက ကောင်းမှုကို တတ်နိုင်သမျှလုပ်ပြီး မကောင်းမှုကိုရှောင်မယ်။ မယုံတဲ့သူက သူထင်ရာ သူလုပ်မှာ။ မှတ်တဲ့သညာ မတူတော့ ပြုတဲ့ကံချင်းမတူ၊ ကံမတူတော့ သတ္တဝါတွေမတူ။ ကံကို မသိရင် သူတစ်ပါးကိုပဲ ယုံမယ်။ မှန်ကန်တဲ့အကြောင်းကို မရှာနိုင်ရင် ယုံမှာပဲ။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းခဲ့တဲ့ ကျွန်မတို့ရဲ့ မြတ်စွာဘုရား သခင်မြတ်က အသိဉာဏ်ပြည့်လို့ မှန်ကန်တဲ့အကြောင်းကို ဖော်ထုတ်နိုင်လို့ခဲ့ပါတယ်။ အကြောင်းမဲ့ သိတာမဟုတ်။ ပါရမီဖြည့်ခဲ့လို့ သိရတာ။

အကြောင်းတစ်ခုက အကျိုးများစွာကို ဖြစ်စေတာလည်း မဟုတ်၊

အကြောင်းတစ်ခုက အကျိုးတစ်ခုကိုပဲ ဖြစ်စေတာလည်း မဟုတ်၊

အကြောင်းများစွာက အကျိုးတစ်ခုကိုပဲ ဖြစ်စေတာလည်း မဟုတ်၊

အကြောင်းများစွာက အကျိုးများစွာကို ဖြစ်စေတာလို့ မြင်မှ မှန်ကန်တာ။

ဥပမာ - မျိုးစေ့တစ်စေ့ကို စိုက်ရင် မြေ၊ ရေ၊ လေ၊ ပေါင်းသင်းခြင်းဆိုတဲ့ အကြောင်းတွေ ဒါကြောင့် အချို့က ချမ်းသာတယ်၊ အချို့က ဆင်းရဲတယ်၊ အချို့က ရုပ်ဆိုးတယ်၊ မှတ်ဉာဏ်ကောင်းတယ်၊ မှတ်ဉာဏ်မကောင်းဘူး စတဲ့အရာတွေက တစ်စုံတစ်ယောက်ကပေးတာ မဟုတ်ဘူး။ ကိုယ်ပြုလုပ်ပြီးတဲ့ ကံတွေက အကျိုးပေးနေတာ။ ဒါဆို ဇီဝိတ (အသက်)က ကံကပေးလို့ တချို့ အသက်(၁၀၀)၊ တချို့ (၅၀)၊ တချို့ (၁၀)နှစ်၊ တချို့မွေးကင်းစနဲ့ မိခင်ဝမ်းထဲမှာတောင် သေတာတွေရှိတယ်။ ဒါကိုက ကံချင်းမတူတာ ထင်ရှားတယ်လေ။ တစ်ယောက်ယောက်က ပြုလုပ်ပေးတယ်ဆိုရင် အသက်(၁၀၀)ရှည်တဲ့ လူပေါ်မျက်နှာလိုက်ပြီး မွေးပြီးစကို ဘာလို့သတ်ရတာလဲ။ ဒါမတရားဘူးပေါ့။ သူတစ်ပါး အသက်တွေကို သတ်ခဲ့လို့ (သက်တဲ့ကံ ပြုခဲ့လို့) အကျိုး ပေးချိန်တန်တော့ အသက်တိုတယ်။ သူတစ်ပါးကို မသတ်ဘဲ စောင့်ရှောက်ပေးတဲ့သူရဲ့ အကျိုးပေးက အသက်ရှည်တယ်။ ဗုဒ္ဓဟောကြားထားတာတွေက တကယ် သဘာဝ

စိတ်ကူးထားတာမဟုတ်ဘူး။ နောက်ဆုံး သုံးမရတော့ ကံဇာတ်ဆရာက နင်ဒီဇာတ်မှာ မနေနဲ့တော့၊ အလိုမရှိတော့ဘူး သွားတော့ ဆိုရော ငိုပြီး တောင်းပန်တာတောင် ရလို့လား။ ငါ မင်းအကျိုးအတွက် အများကြီးလုပ်ပေးခဲ့ပါတယ်။ ငါ့ကိုဆက်ပြီး နေခွင့် ပေးပါအုံး၊ ငါ့ကို ညှာပါအုံးလို့ ဆိုလည်း မရဘူးမဟုတ်လား။ ဒီတော့ တစ်သက်လုံးကလို့ ရခဲ့တဲ့ အထုပ်လေး နှစ်ထုပ်ဆွဲပြီး မဆင်းချင်ဘဲ ဆင်းသွား ရတာပဲမဟုတ်လား။

ကဲဒီလောက်ဆို ကိုယ့်ဘဝဇာတ်ကြောင်း သိလောက်ပါပြီ။ မင်းသမီးရုပ် ကရစဉ်တုန်းကလည်း မာန်လိုက် မဲလိုက် ကျေနပ်လိုက်၊ ပျော်လိုက်နဲ့ပေါ့။ သူ့အိုရုပ်ကရတော့လည်း စိတ်ပျက် ၊ ဝမ်းနည်း၊ မကျေနပ်ဘူးပဲ။ အဲဒီလို ကခဲ့ရတာ နောက်ဆုံး ဘာရခဲ့လဲ ။တစ်ဘဝလုံး မမောနိုင်၊ မပန်းနိုင်၊ မနားနိုင်၊ ရုပ်စုံ ကခဲ့ရတာ။ နောက်ဆုံး ဘာရခဲ့လဲ ။ ဆင်းတော့လို့ ဆိုတဲ့အချိန်မှာ အထုပ်လေး နှစ်ထုပ်ပဲ ရခဲ့တာမဟုတ်လား၊ ဘယ်အထုပ်က ပိုကြီးမယ် ထင်လဲ ။

ဆင်းတော့ဆိုတဲ့အချိန် ဘယ်လို လုပ်ကြမလဲ။ ယောင်ချာချာနဲ့ အရှေ့အရပ်ကို သွားရမှာလား ၊ အ နောက်အရပ်ကို သွားရမှာလား၊ ဘယ်ကို ၊ ဘာနဲ့ သွားရမှာလဲ။ လမ်းအတွက် ပြည့်စုံတဲ့ ရိက္ခာထုပ်ကြီး ပါသွားမှ စိတ်ချရမှာ။ နောက်ထပ်ရောက်မည့် ဇာတ်ခုံပေါ်မှာ အရုပ်ကောင်းကောင်းရအောင် ကံဇာတ်ဆရာကို ပါသွားတဲ့ ရိက္ခာထုပ်ကြီးနဲ့ လာဘ်ထိုးရမှာမဟုတ်လား။ ငါ့ကို အခြေအနေကောင်းတွေ ဖန်တီးနိုင်မဲ့ နေရာမှာ ချပေးပါ။ ရော့ နင့်အတွက်လို့၊ ကိုယ့်မှာပေးစရာ သူကြိုက်တဲ့အထုပ်မပါရင် သူ ချပေးတဲ့ ကိုယ်မကြိုက်တဲ့ အရုပ်ကျိုး၊ အရုပ်ပြတ်မှာ နေရပြီး ဘာမှ အခြေအနေကောင်း ရလာမှာမဟုတ်တော့ဘူး။

ဒါကိုစဉ်းစားကြည့်ရင် ဘာအရုပ်နဲ့ကရ ကရ ဒီအရုပ်ဟာ ကံဇာတ်ဆရာ အလိုကျလို့ မြင်နိုင်အောင် ကြိုးစားပါ။ ကိုယ့်အလို၊ ကိုယ့်အကြိုက် ဘာတစ်ခုမှ



လက်ခံသလားလို့မေးတယ်။ အားလုံး လက်ခံတယ်။ ကဲဒါဆိုရင် လူမှာ ရုပ်၊ နာမ် (စိတ်၊ စေတသိက်) ရှိလား။ (ရှိတယ်။) သစ်ပင်မှာရော။ (စိတ်မရှိဘူး၊ ရုပ်ပဲရှိတယ်။) ရုပ်ပဲရှိလို့ သက်မဲ့လို့ ပြောလို့မရဘူး။ ရုပ်သက်သက်ရှိတဲ့ ဗြဟ္မာ့ပြည်ဆိုတာရှိတယ်။ သူတို့က သက်ရှိတွေပဲ။ သစ်ပင်က ရုပ်တစ်မျိုးတည်းရှိတော့ ရုပ်ဖြစ်ကြောင်းနဲ့ပဲ တိုက်ကြည့်မယ်။

ဆရာမတို့ ရုပ်ဖြစ်ကြောင်းတရား လေးမျိုးရှိတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရက ရုပ်ဖြစ်ကြောင်းတွေပါ။ဆရာမတို့ သက်ရှိမှာရှိတဲ့ အသက်ကို ဇီဝိတလို့ခေါ်တယ်။ အသက် (ဇီဝိတ)ကို ဖြစ်စေတဲ့အကြောင်းက ရုပ်ဖြစ်ကြောင်း တရားလေးမျိုးထဲက ကံကြောင့်လို့ ဗုဒ္ဓက ဟောထားပါတယ်။ အဲဒါကို ဆရာမတို့ လက်တွေ့ကျကျ ဆွေးနွေးရအောင်။ လူတွေ တစ်ယောက်နဲ့တစ်ယောက် ရုပ်ချင်းတူလား။ (မတူပါဘူး။) ဘာကြောင့် မတူတာလဲ။ ပြုလုပ်ခဲ့တာချင်း မတူဘူး။ တစ်ယောက်နဲ့တစ်ယောက်က တစ်အိမ်တည်း နေသည်ဖြစ်စေ ပြုလုပ်တာချင်း မတူကြဘူး။ ဘာလို့မတူကြတာလဲ။ နှိုးဆော်တဲ့ စေတနာချင်း မတူလို့။ စေတနာတွေဘာလို့ မတူကြတာလဲ။ မှတ်ထားတဲ့ သညာချင်း မတူလို့။ သညာမတူတော့ စေတနာချင်းမတူ၊ စေတနာချင်း မတူတော့ ပြုလုပ်တာချင်း မတူ၊ ပြုလုပ်တာချင်းမတူတော့ ကံချင်းမတူ၊ ကံချင်းမတူတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ မတူဘူးလေ။ နှင်းဆီပင်ကျ ပွင့်ပြီး အသီးမသီးတော့ အားလုံး အဖိုတွေချည်းလား။ သစ်ပင်ရဲ့ မျိုးဆက်က အဖိုအမ ပေါင်းမှ ရတာလား၊ အပင်က ကိုယ့်မျိုးစေ့နဲ့ပဲ မျိုးပွားတာလား။ မျိုးစေ့နဲ့ပဲ အပင်ပေါက်တာ။ သက်ရှိဆိုရင် သဘာဝချင်း တူရမယ်။ ကွဲပြားလို့မရဘူး။

စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကျတော့ သစ်ပင်က စိတ်မရှိလို့ မဖြစ်ဘူး။ ဥတုကြောင့် ဖြစ်တဲ့ရုပ်ကျတော့ အေးရင် အပင်လန်းတယ်၊ ပူရင် အပင်ညှိုးတယ်။ ဥတုဇရုပ်ရှိတယ်။ အာဟာရကြောင့်ဖြစ်တဲ့ရုပ်ဆိုတာ ကိုယ်တွင်းမှာ ရှိတဲ့ ရုပ်နဲ့ အပြင်ရုပ် ပေါင်းမှ ဖြစ်တဲ့ရုပ် ဆရာမတို့ နှုတ်ခမ်းနဲ့ရေ၊ ထိရုံနဲ့ အာဟာရဇရုပ် ဖြစ်ပြီး။ ခန္ဓာကိုယ်နဲ့ရေ ထိရင်လည်း အာဟာရဇရုပ်ဖြစ်တယ်။ ဒါကြောင့် ရေချိုးရင် အာဟာရဇရုပ် ရတယ်။ အခြားအစာ အာဟာရတွေလည်း လက်နဲ့ထိကတည်းက ဒီရုပ်ရတယ်။

နောက်သေချာတဲ့ တစ်နည်း ရှိသေးတယ်။ ဆရာမတို့ လူသေကို ကိုင်ကြည့်ဖူးသူ ရှိသလား။ ရှိတယ်၊ ဘာထူးခြားလဲ။ တောင့်တယ်၊ နောက်ရော အေးတယ်။ အဲဒါ ဘာကြောင့်လို့ထင်လဲ။ ဆရာမတို့ သံချောင်းကို ပျော့ချင်ရင် ဘာလုပ်ရလဲ။ မီးအပူ ပေးရတယ်။ ကိုယ်ငွေ့ကြောင့် အဆင်းရှိတယ်။ ခန္ဓာကိုယ်လည်း ပုံမပျက်တာ ခန္ဓာကိုယ်မှာရှိတဲ့ ကိုယ်ငွေ့ကမ္မဇ (အပူ)ကြောင့် သက်ရှိသတ္တဝါတွေသေရင် ကိုယ်ငွေ့က မရှိတော့အတွက် ခန္ဓာကိုယ် ပျက်ပြီး တောင့်တယ် (သို့) ပျော့ပြီး ယိုစီးမယ် (သို့) ပုပ်ပွမယ်။ သစ်ပင်မှာ ကိုယ်ငွေ့ဆိုတာရှိလား။ မရှိဘူး။ ဘာလို့မရှိတာလဲ။ သက်ရှိဆိုရင် သဘာဝချင်းတူတယ်။ ခွေး၊ ကြောင် တိရစ္ဆာန်တွေမှာ ကိုယ်ငွေ့ရှိလား။ ရှိတယ်။ သက်ရှိတိုင်းရဲ့ သဘာဝချင်းတိုက်ကြည့်၊ ဘယ်သဘာဝတရားမဆို တူတယ်။ မတူတာတစ်ခုပဲရှိတယ်။အဲဒါ အသိဉာဏ်ပဲ။ မြတ်စွာဘုရားက အသက်၊ သိစိတ် (ဝိညာဏ်)၊ ကမ္မဇကိုယ်ငွေ့ရှိရင် သက်ရှိ၊ အဲဒီ သုံးမျိုးမရှိရင် သက်မဲ့လို့ဟောကြား ခဲ့ပါတယ်။ ဒါကြောင့် သစ်ပင်မှာ အချက်(၃)ချက် ရှိ/မရှိ ကိုယ်တိုင် စစ်ဆေးပြီးသက်ရှိ ဟုတ်/မဟုတ် ကိုယ်ပိုင် ဆုံးဖြတ်ချက်ချပေါ့။ ဒါကြောင့် ဆရာတော်ဘုရားကြီးက "အလိမ်မခံရအောင် အဘိဓမ္မာသင်ရမယ်" လို့မိန့်ခဲ့တယ်။

အဘိဓမ္မာ သင်ယူသင့်တဲ့ အချိန်ကျရင် သင်ယူဖို့ တိုက်တွန်းလျက်

**ဒေါ်ရွှေဖြိုးသွယ်**
**(၂၈–၅–၂၀၁၄)**

⌘⌘⌘⌘⌘



# " ခန္ဓာနဲ့ ဆပ်ကြမလား၊ ဉာဏ်နဲ့ဆပ်ကြမလား "

ကျွန်မတို့ရထားတဲ့ဘဝဟာ အမှန်တော့ ဇာတ်ခုံကြီးပါပဲ။ ဇာတ်ခုံဆိုတာ ဘုရင်၊ မိဖုရား၊ မင်းသမီး၊ မင်းသားက အစပြုပြီး တိရစ္ဆာန်တွေအထိ ပါတာပေါ့နော်။ အဲ့ဒီဘဝဇာတ်ခုံပေါ်မှာ ဇာတ်ဆရာစီမံတဲ့အတိုင်း ရုပ်မျိုးစုံ ထွက်နေရတာပါ။ မောလို့လည်း မနားနိုင်၊ ပန်းလို့လည်း မနားနိုင်၊ ဇာတ်ဆရာခိုင်းတဲ့အတိုင်း ကျရာဇာတ်ရုပ်နဲ့ အဆက်မပြတ်ကနေရတယ်။

ကံဇာတ်ဆရာက ချောတဲ့ လှတဲ့ မင်းသမီးရုပ်အနေနဲ့ ထွက်ခိုင်းတော့ ဇာတ်ခုံပေါ်မှာ မင်းသမီးရုပ်အဖြစ် ကရတော့တာပေါ့။ အဲ့ဒီလို ကရတဲ့အခါမှာ ပျော်တာပေါ့။ ကျေနပ်တယ်လေ၊ ကိုယ်ကြိုက်တာ ကိုယ်ဖြစ်ချင်တာ အကုန်လုပ်လို့ ရတယ်။ ကရင်းနဲ့ ငါမင်းသမီးပဲလို့ အဟုတ်မှတ်ထင်သွားပြီး ငေါက်လိုက်၊ ခေါက်လိုက်၊ ဆူလိုက်၊ ညံလိုက်နဲ့ ကိုယ့်အဖြစ်ကိုကိုယ် ကျေနပ်သဘောကျနေတော့တာပါပဲ။

ဒီလိုကနေရာက ပြုန်းဆို ဇာတ်ဆရာက မင်းသမီးရုပ်မထွက်နဲ့တော့ သူဆင်းရဲရုပ် ထွက်တော့လို့လဲဆိုရော လုံးဝမကျေနပ်တော့ဘူး။ အဲဒီအရုပ်ကရတာ မကျေနပ်ဘူး၊ စိတ်ပျက်တယ်၊ ဝမ်းနည်းတယ်။ ဒါပေမဲ့ ဘာတတ်နိုင်လဲ။ ဇာတ်ဆရာခိုင်းတဲ့အတိုင်း လုပ်ရတာပဲမလား။ ကိုယ်က ကချင်လွန်းလို့ ဒီဇာတ်ခုံကို ရွေးခဲ့တာ။ ဒီဇာတ်ဆရာနဲ့ စာချုပ်ခဲ့တာ။ ခုမှ ဒီလိုဇာတ်ရုပ်မကနိုင်ပါဘူးဆိုပြီး ငြင်းလို့မရတော့ပါဘူး။ သူ့အလိုကျ မကချင်လည်း ကရမယ်။ ကချင်လည်း ကရတော့မှာပဲ။

ဟော . . . ဇာတ်ဆရာက ဒါမကြိုက်သေးဘူး . . နောက်တစ်မျိုးပြောင်းပြီး သူအိုရုပ်လည်းချလိုက်ရော ပိုဆိုးတော့တာပေါ့။ ဒီလိုရုပ်ကရမယ်လို့ ဘယ်တုန်းကမှ

ရရှိသော ပုဂ္ဂိုလ်မျိုးမှသာလျှင် ပါရမီရင့်ရာ ဘဝတွင် ဗျာဒိတ်တော်အတိုင်း တွေ့ကြုံမှု, ကျွတ်လွတ်မှု မလွဲနိုင်ရှိသည်။ နိယတဗျာဒိတ်ရှိသော ပုဂ္ဂိုလ်မျိုး မဟုတ်ခဲ့လျှင် ပါရမီရှိသော်လည်း ဘုရားသာသနာနှင့် တွေ့ကြုံမှုလည်း စိတ်မချရ၊ ကျွတ်လွတ်မှုလည်း စိတ်မချရပေ။

## ၄။ ပဒပရမပုဂ္ဂိုလ်

အကြင်ပုဂ္ဂိုလ်အား အကြိမ်များစွာ နာကြားသော်လည်း အကြိမ်များစွာ ပြောဟော ရွတ်ဆိုသော်လည်း အကြိမ်များစွာ ဆောင်ပြသော်လည်း အကြိမ်များစွာ သရဇ္ဈာယ်သော်လည်း ထိုကိုယ်၏ အဖြစ်၌ (သစ္စာလေးပါး)တရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်၊ ဤပုဂ္ဂိုလ်ကို ပုဒ်ဗျည်း အတိုင်းအရှည်ရှိသော 'ပဒပရမ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ဘုရားသာသနာနှင့် တွေ့ကြုံ၍ ပရိယတ်, ပဋိပတ်တရားကို ဘယ်လိုပင် အားထုတ်သော်လည်း ယခုဘဝ မဂ်, ဖိုလ်ကို မရထိုက်မူ၍ ဝါသနာအလေ့ ပါရမီမျှကိုသာ ရထိုက်သော ပုဂ္ဂိုလ်သည် ပဒပရမပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်သည် ယခုဘဝ၌မူကား မကျွတ်နိုင်၊ သမထအလုပ်, ဝိပဿနာအလုပ်လက်ရှိနှင့် သေလွန်၍ လူ့ဘဝ, နတ်ဘဝ၌ ဖြစ်သည်ရှိသော် နောက်ဘဝ၌ ဤဘုရားသာသနာမှာပင် အကျွတ်ရနိုင်၏။ ဤသို့ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်းကို ဘုရားရှင်ဟောကြားတော်မူခဲ့သည်။

## ပုဂ္ဂိုလ် ၃–မျိုး

ဝင်းပါဠိတော်၌ပင်လျှင် သူနာ ၃-ယောက်ကို ဥပမာပြု၍ ပုဂ္ဂိုလ် ၃-ယောက်ကို ဟောတော်မူပြန်၏။ သူနာ ၃-ယောက်ဆိုသည်ကား-

၁။ ဆေးဝါးကို မှီဝဲသော်လည်း အချိန်ကျလျှင် ဧကန်ပျောက်ငြိမ်းမည့် သူနာတစ်မျိုး



မလိုက်ဘူး။ ကိုယ်လည်း မပိုင်ဘူး၊ ချပေးလိုက်ကတည်းက အရုပ်ဘဲ၊ မင်းသား၊ မင်းသမီးဆိုတာတွေက ပညတ်တွေဘဲ၊ ဒါ့ကြောင့် ကျရာအရုပ်နဲ့ ကရာမှာ မာန်မာနတက်စရာ၊ စွဲလန်းစရာ၊ ကျေနပ်စရာ ဘာတစ်ခုမှမရှိဘူး။ ကိုယ့်ဟာလည်း မဟုတ်ဘူး၊ ကိုယ်လည်းမပိုင်ဘူး။ ကံဇာတ်ဆရာချပေးတဲ့အတိုင်း ဖြစ်ရတဲ့ အရုပ်လို့ မြင်နိုင်အောင် ကြိုးစားကြည့်ရမှာ။

မမြလို့ဘဲ အချိန်တန်တော့ ဒီဇာတ်ခုံပေါ်က ဆင်းခဲ့ရတာပေါ့။ မြဲနေတယ်ဆိုရင် ဆင်းစရာမလိုဘူးပေါ့။ ကိုယ့်ဘဝအမှန်ကို နားမလည်ဘဲ ကံပေးလို့ ခဏရထားတဲ့ ဘဝကိုအကြောင်းပြုပြီး၊ စွဲလန်းပြီး၊ ကျေနပ်ပြီး၊ မာန်မာနတက်ပြီး ထုပ်လာခဲ့တဲ့ အထုပ်နဲ့ ကိုယ့်ဘဝအမှန်ကို နားလည်ပြီး၊ ရထားတဲ့ ဘဝကို အကြောင်းပြုပြီး၊ ထုပ်ထားခဲ့တဲ့အထုပ်ပေါင်း အဲဒီအထုပ်ကလေး နှစ်ထုပ်ကို နောက်ဆုံးတော့ ရွက်ပြီး ဆင်းရတော့မှာပါဘဲ။

ဒါ့ကြောင့် ရထားတဲ့ အသိဉာဏ်လေးနဲ့ မြင်တတ်အောင် ကြည့်ပေးပါ။ ကျွန်မတို့ နောင်ချိုမှာ မနက်တိုင်း ဆရာကြီး ဦးခင်မောင်ကြည် ဖွင့်ပေးတဲ့ ပခုက္ကူဆရာတော်ရဲ့ အိပ်ယာနှိုးတရားတော်ထဲကလို - ကဲ ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့ တစ်သံသရာလုံး တင်ရှိနေတဲ့ အကုသိုလ်ကြွေးကို ကြေအောင် ခန္ဓာနဲ့ ဆပ်ကြမလား။ ဉာဏ်နဲ့ဆပ်ကြမလား။

အဲဒီအဆိုကို ဖြေကြည့်လိုက်ပါလို့ တိုက်တွန်းရင်း . . . . . . .
အမှန်တရားကို မြင်တတ်အောင် ကြည့်နည်းသင်ပေးပါသော
ကျွန်မ၏ဆရာ ဆရာတော်ကြီးဒေါက်တာနန္ဒမာလာဘိဝံသအား
ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည် ဘုရား

**တပည့်**
**ဒေါက်တာ ဒေါ်ချိုချိုမြာ (ဓမ္မဒီပ)**

✠ ✠ ✠ ✠ ✠

# ပုဂ္ဂိုလ်လေးမျိုး

## ၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်

အကြင်ပုဂ္ဂိုလ်အား (အကျဉ်း) ထုတ်ဆောင်ဟောပြအပ်သော အခါနှင့် တပြိုင်နက် (သစ္စာလေးပါး) တရားကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။ ဤပုဂ္ဂိုလ်ကို အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော 'ဥဂ္ဃဋိတညူ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံရ၍ တစ်ခုသော တရားဓမ္မကို ဟောတော်မူရာ အကျဉ်းသင်္ခေပ ဥဒ္ဒေသစကား၏ အဆုံး၌ မဂ်, ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်မျိုးဖြစ်၏။

## ၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်

အကြင်ပုဂ္ဂိုလ်အား အကျဉ်းအားဖြင့် ဟောအပ်ပြီးသော ဒေသနာ၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်အပ်သည်ရှိသော (သစ္စာလေးပါး) တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ ဤပုဂ္ဂိုလ်ကို အကျယ်ဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော 'ဝိပဉ္စိတညူ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

အကျယ် ဝိတ္ထာရအားဖြင့် ဖွင့်ပြဝေဖန်၍ ဟောတော်မူမှသာ မဂ်, ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုးဖြစ်၏။

## ၃။ နေယျပုဂ္ဂိုလ်

အကြင်ပုဂ္ဂိုလ်အား အကျဉ်း(ပါဠိ)အားဖြင့်ငှင်း အကျယ်(အဋ္ဌကထာ)အားဖြင့်ငှင်း သင့်လျော် လျောက်ပတ်စွာ နှလုံးသွင်းသော အားဖြင့်ငှင်း မိတ်ဆွေကောင်းတို့ကို



မှီဝဲဆည်းကပ်လျက် ချဉ်းကပ်သောအားဖြင့်ငှင်း ဤသို့ အစဉ်အတိုင်း (သစ္စာလေးပါး) တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ ဤပုဂ္ဂိုလ်ကို ဥဒ္ဒေသစသည်ဖြင့် ဆောင်ပြ၍ တဖြေးဖြေးနောက်မှ မဂ်ဖိုလ်ကိုရသော 'နေယျ'ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

နေယျပုဂ္ဂိုလ်မျိုးဆိုသည်ကား- ဥဒ္ဒေသ, နိဒ္ဒေသအကျဉ်း, အကျယ်အားဖြင့် ဟောတော်မူသော်လည်း ဒေသနာအဆုံး၌ မဂ်, ဖိုလ်ကို မရနိုင်မူ၍ ထိုဒေသနာကို ကြားနာ ဆောင်ရွက် လေ့ကျက်မှတ်သား၍ ထားပြီးလျှင် ထိုဒေသနာလာရှိတိုင်းသော တရားကို များစွာသော နေ့, ရက်, လ, နှစ်တို့ဖြင့် ကျင့်ကြံပွားများအားထုတ်မှသာ မဂ်, ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ဤ နေယျပုဂ္ဂိုလ်မျိုးသည်လည်း မိမိသန္တာန်၌ ပါရှိသော ပါရမီအရင့် အဆင့်ဆင့်သို့ လိုက်၍လည်းကောင်း၊ ကိလေသာ အထက်, အနှံ့ အဆင့်ဆင့်သို့ လိုက်၍ လည်းကောင်း ကျင့်ကြံအားထုတ်ရသော ကာလအတို, အရှည်အားဖြင့် ကွဲပြားကြ၏။ ခုနှစ်ရက် ကျင့်ရသော ပုဂ္ဂိုလ်မျိုးမှစ၍ အနှစ်သုံးဆယ်ကျင့်ရသော ပုဂ္ဂိုလ်မျိုး, အနှစ်ခြောက်ဆယ် ကျင့်ရသော ပုဂ္ဂိုလ်မျိုးတို့ကို ဆိုသည်။ ထိုတွင် ခုနှစ်ရက်ကျင့်ရမည့် ပုဂ္ဂိုလ်သည် ထိုခုနှစ်ရက် ပဌမအရွယ်, ဒုတိယအရွယ်တို့၌ ကျင့်မည်ဖြစ်အံ့ ရဟန္တာ တိုင်အောင် ဖြစ်နိုင်၏။ တတိယအရွယ်မှာမှ ကျင့်ခဲ့လျှင် အောက်မဂ်, အောက်ဖိုလ် မျှကိုသာ ရောက်နိုင်၏။ ခုနှစ်ရက်ကျင့်မှု ဆိုသည်ကား- အင်အားရှိသလောက် အစွမ်းကုန် ကျင့်မှုကို ဆိုသတည်း။ ဝီရိယ ယုတ်လျော့၍ နေပြန်လျှင် ယုတ်လျော့မှု အားလျော်စွာ ခုနစ်လ, ခုနစ်နှစ် စသည်ရှည်လျား၍ သွားပြန်၏။

ယခုဘဝ၌ မဂ်, ဖိုလ်ကို ရလောက်အောင် ဝီရိယထုတ်မှု မရှိလျှင် ဝီရိယလိုသည့် အတွက် ဤသာသနာမှာ မကျွတ်နိုင်ပြီ၊ နောက်နောက် ဘုရားသာသနာမှာလည်း သာသနာနှင့် တွေ့ကြုံရမှ ကျွတ်နိုင်သည်။ မတွေ့ကြုံပြန်လျှင် မကျွတ်နိုင်၊ နိယတဗျာဒိတ်

ယခုအခါ သာသနာတွင်း၌ ကြုံကြိုက်နေကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းတို့သည် ယခုဘဝ၌ပင် အပယ်သံသရာမှ ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည်၊ မကျွတ်ထိုက်လျှင်လည်း နောက်ဘဝ၌လည်းကောင်း၊ နောက်ဘုရား သာသနာ၌လည်းကောင်း ကျွတ်လွတ်နိုင်ရန် သမထ၊ ဝိပဿနာ ပါရမီမျိုးစေ့ကို အောင်မြင်စွာ ရစေရမည်ဟုသော ထက်သန်သောဆန္ဒ၊ ဝီရိယဖြင့် သမထအလုပ်၊ ဝိပဿနာအလုပ်များကို အားထုတ်ကြမှသာ လူဖြစ်ကျိုးနပ်ကြပေမည်။

ဒေါက်တာခင်မောင်ကြည်

**(ဓမ္မဒီပ)**

**မှီငြမ်း**

၁။ ပုဂ္ဂလပညတ်, အဘိဓမ္မပိဋကတ်

၂။ ဗောဓိပက္ခိယဒီပနီ, လယ်တီဆရာတော်



၂။ ဘယ်လိုပင် ဆေးဝါးကို မှီဝဲငြားသော်လည်း ဤအနာမှ မထမြောက်မူ၍ ဧကန်သေမည့် သူနာတစ်မျိုး

၃။ မသင့်သော အရာကိုရှောင်ကြဉ်၍ ဓာတ်စာဆေးဝါကို နိုင်လောက်အောင် မှီဝဲပါမူကား ဤအနာမှ ထမြောက်နိုင်မည်၊ မသင့်သောအရာကို မရှောင်ကြဉ်ခဲ့သော်လည်းကောင်း၊ ဆေးဝါးကို နိုင်လောက်အောင် မမှီဝဲခဲ့သော်လည်းကောင်း ဤအနာနှင့်ပင် သေရလိမ့်မည်ဟူသော သူနာတစ်မျိုးကို ပေတည်း။

**ပဌမသူနာနှင့်တူသူ။** ။ ရှေးရှေးဘုရားတို့အထံက နိယတဗျာဒိတ်ရရှိပြီး ဖြစ်၍ ယခုဘဝတွင် ဧကန် အကျွတ်ရလတ္တံ့သော သူသည် ပဌမသူနာနှင့်တူ၏။

**ဒုတိယသူနာနှင့်တူသူ။** ။ ပဒပရမပုဂ္ဂိုလ်မျိုးသည် ဒုတိယသူနာနှင့်တူ၏။ ပဒပရမပုဂ္ဂိုလ်သည် ဘယ်လိုပင် အားထုတ်သော်လည်း ဤဘဝ၌ ကျွတ်ခွင့်မရှိ၊ နောက်နောက်ဘဝ၌မူကားဤဘုရားသာသနာသော်လည်း ကျွတ်နိုင်၏။ နောက်နောက် ဘုရာသာသနာတို့မှာလည်း ကျွတ်နိုင်၏။

ဆတ္တမာဏဝ လုလင်ဝတ္ထု, ဖားနတ်သားဝတ္ထု, သစ္စကပရိဗိုဇ်တို့သည် နောက်ဘဝ၌ ဘုရားသာသနာမှာပင် ကျွတ်ကြကုန်၏။

**တတိယသူနာနှင့်တူသူ။** ။ နေယျပုဂ္ဂိုလ်မျိုးသည် တတိယသူနာနှင့်တူ၏။ တတိယသူနာသည် အနာပျောက်ငြိမ်းခွင့်, ဤအနာနှင့်ပင် သေဆုံးခွ နှစ်လမ်းနှင့် ဆက်ဆံသကဲ့သို့ နေယျပုဂ္ဂိုလ်သည်လည်း ယခုဘဝ၌ ကျွတ်ခွင့်ရသူနှင့် ကျွတ်ခွင့်မရသူဟူ၍ နှစ်မျိုးရှိလေသည်။ မိမိအချိန်အခါ မိမိအရွယ်ကိုသိ၍

စွန့်ပယ်သင့်သော အရာကိုစွန့်ပယ်၍ , ဆရာဥပနိဿယကို ရှာကြံတွယ်တာ၍, နေရာကျ တရားကိုရရှိ၍, ဝီရိယတရားကို လုံလောက်စွာ အားထုတ်စေမှုကား ယခုဘဝ၌ ကျွတ်နိုင်၏။

အလွန်မှောက်မှားသော တရားကို လိုက်စား ကျွံလွန်ပြီး ဖြစ်ခဲ့သော်လည်းကောင်း, ကာမဂုဏ်တရားကို မစွန့်နိုင်ရှိခဲ့သော်လည်းကောင်း, ဆရာဥပနိဿယကောင်းကို တွေ့ရှိပါသော်လည်း ဝီရိယတရားကို လုံလောက်စွာ အားထုတ်မှု မရှိခဲ့သော်လည်းကောင်း, အားထုတ်လိုပါသော်လည်း အရွယ်ကြီးရင့်၍ စိတ်ရှိတိုင်း မလုပ်နိုင်ရှိခဲ့သော်လည်းကောင်း, ပျို့ရွယ်သူ ဖြစ်ပါသော်လည်း ကျန်းမာရေးမကောင်းသော ပုဂ္ဂိုလ်ဖြစ်ခဲ့သော်လည်းကောင်း ယခုဘဝ၌ မကျွတ်နိုင်ပြီ။ အဇာတသတ်မင်း, မဟာဓနေ သူဌေးသား, အရှင်သုဒိန်တို့သည် ယခုဘဝ၌ ကျွတ်ထိုက်သော သူတို့ပင်တည်း၊ အဇာတသတ်မင်းသည် အဖကိုသတ်မိ၍ ယခုဘဝ၌ မကျွတ်နိုင်၊ နောင်သံသရာ၌ ကမ္ဘာနှစ်သင်္ချေတိုင်အောင် မျောလေ၍ ပစ္စေကဗုဒ္ဓါ ဖြစ်လာပေလိမ့်မည်။ မဟာဓနေ သူဌေးသားသည် အရွယ်ရှိစဉ် အခါက ကာမဂုဏ်အမိုက် အလိုက်အစားကြူး၍ နေခဲ့၏။ အရွယ်ကြီးရင့်သောအခါ၌ စိတ်ကြည်ခွင့်မရ ရှိနေ၏။ ကျွတ်မှုမှာ ဝေးစွ၊ ရတနာသုံးပါးနှင့် ဆက်ဆံခွင့်ကိုပင် မရလေပြီ၊ ထိုအခါ မြတ်စွာဘုရားမြင်တော်မူ၍ အရှင်အာနန္ဒာကို ဤသို့ မိန့်တော်မူ၏။

“အာနန္ဒာ . . . ဤသူဌေးသားသည် ပဌမအရွယ် ငယ်ရွယ်စဉ်အခါ၌ သာသနာမှာ ရဟန်းပြုပါဘိမူကား - ရဟန္တာဖြစ်၍ ယခုဘဝမှာပင် ပရိနိဗ္ဗာန် စံရလတ္တံ့၊ ထိုသို့မဟုတ် ဒုတိယအရွယ်၌ ငါဘုရား သာသနာမှာ ရဟန်းပြုပါဘိမူကား - အနာဂါမ် ဖြစ်၍ သေလွန်လျှင် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ပရိနိဗ္ဗာန်စံရလတ္တံ့၊ သို့မဟုတ် တတိယအရွယ် ရောက်စဉ် ငါဘုရားသာသနာမှာ ရဟန်းပြုပါဘိမူကား သကဒါဂါမ်အဖြစ်, သောတာပန်



အဖြစ်သို့ရောက်၍ အပါယ်သံသရာမှာ အစဉ်ထာဝရ လွတ်ငြိမ်းလေအံ့”-ဟု အရှင်အာနန္ဒာကို မိန့်တော်မူ၏။

**ပစ္ဆိမဘဝိကပင်ဖြစ်စေ။** ။ ဤသို့ရင့်ပြီးသော ပါရမီရှိသော ပစ္ဆိမဘဝိကသားပင် ဖြစ်ငြားသော်လည်း ကိုယ်တွင်းကိလေသာ သောင်းကျန်းမှု ကျွံလွန်သည့်အတွက် ယခုဘဝ အကျွတ်မရပေ၊ ယခုဘဝပြုသော မကောင်းမှု ကံများအတွက် အပါယ်၌ ဘဝရှည်လျား၍ နေပြန်လျှင် မေတ္တေယျဘုရားရှင် သာသနာ၌လည်း ပေါ်လာဦးမည် မဟုတ်၊ အနီးအပါး၌ ဘုရားပင်ပွင့်သော ကမ္ဘာမရှိပြီ။ ရင့်ပြီးသော ပါရမီရှိသော ပစ္ဆိမဘဝိကဖြစ်သူ ထိုသူဌေးသားသည် ကျွတ်ခွင့်ကျွတ်လမ်း ကွာလှမ်းလျက်ရှိ၏။

**ကျွတ်လောက်အောင် ကျင့်မှသာ။** ။ယခုကာလ၌ လူအများစုတို့သည် ပါရမီပြည့်လျှင် ဘုရားသာသနာနှင့် မတွေ့ချင်သော် မနေရ တွေ့ရမည်မုချ၊ မကျွတ်ချင်သော်လည်း မနေရ ကျွတ်ရမည်မုချဟု မှတ်ထင်ကြကုန်၏။ နိယတ, အနိယတရှိသည်ကို သတိမမူကြကုန်၊ ဤသို့ပြဆိုခဲ့ပြီးသော ဘုရားရှင်ဟောကြားထားသော တရားတော်များကိုလည်းကောင်း, “မဟာဓနေ” သူဌေးသားဝတ္ထုကိုလည်းကောင်း ထောက်မြော်၍ ကျွတ်ထိုက်သော ပါရမီရှိကြကုန်သော်လည်း အနိယတနေယျပုဂ္ဂိုလ်မျိုးတို့မှာ ကျွတ်လောက်အောင် ကျင့်ကြကုန်မှသာ ဤဘုရားသာသနာ၌ မဂ်, ဖိုလ်ကို ရနိုင်ကြကုန်သည်၊ ကျွတ်ထိုက်သော ပါရမီရှိကြကုန်သော်လည်း ကျင့်မှုလုံ့လဝီရိယ ယုတ်လျော့၍ နေခဲ့လျှင် ဤဘုရား သာသနာ၌ မဂ်, ဖိုလ်ကို မရကြကုန်ဟူသော သဘောကို ယုံကြည်စွာ သိအပ်မှတ်အပ်၏။ “အာဠာရ” ရသေ့, “ဥဒက”ရသေ့တို့ကဲ့သို့ ကျွတ်ထိုက်သော ပါရမီရှိကြပါလျက် လောက၌ ဘုရားပွင့်ဆဲအခါတွင် မိမိတို့က ရုပ်ပြစ်ရှစ်ပါးသို့ ရောက်၍နေခိုက် ကြုံသည်နှင့် ဘုရားပေါင်းတစ်ရာ တစ်ထောင်မက ပွင့်သော်လည်း ကျွတ်ခွင့်မရ ရှိနေကြပေကုန်၏။